
ဗျူး စင်တင်သည်
လရောင်ကျူးရင့်
ဆောင်းခေါ်မယ့်တေးသံ

# အခန်း(၁)

မျက်စိအောက်မှာ လှမ်းမြင်လိုက်ရသည် က မဖွယ်ရာ။

ကားတစ်စီး မိန်းမလှတစ်ယောက်နှင့် လူရွယ်သုံးယောက်။

ကားက လမ်းဘေးမှာ ရပ်ထားပေမယ့် လေညင်းခံဖို့ ရပ်ထားတာမဟုတ်မှန်းတော့ သိသာနေသည် ။

သူမနှင့် လူရွယ်သုံးယောက်ကလည်း ရင်းနှီးကျွမ်းဝင် ပြောဆိုဆက်ဆံနေကြသည် မဟုတ်မှန်း အဝေးကနေ လှမ်းမြင်တာနဲ့ သူသိသည် ။

ဘယ်ဘက်မှာ ဖိကြိတ်ဝါးနေမိသည့် ပီကယ်ကို ညာဘက်ကို လှည့်ပြောင်းပြီး နှုတ်ခမ်းကို ပြန်၍ ဖိပိတ်လိုက်သည် ။

ပီကယ်ကို ခပ်ဖိဖိအံကြိတ်ဝါးရင်း ခြေလှမ်းတို့ ကို ထိုနေရာသို့ ဦးတည်ပြီးသားဖြစ်သွား၏။

ဘောင်းဘီအိတ်ထဲ လက်နှိုက်၍ လျှောက်လာသည့် သူ့ထံသို့ သုံးယောက်ထဲမှ တစ်ယောက်က ဖျတ်ခနဲ လှည့်ကြည့်သည် ။

ပြီးတော့ နောက်တစ်ယောက်က လိုက်ကြည့်သည် ။

မျက်လုံးသုံးစုံလုံး သူ့ထံ တူညီစွာ ကျရောက် လာပြီးသည် နှင့် တစ်ဆက်တည်း သုံးယောက်တစ်ယောက် ရင်ဆိုင်ရပ်လိုက်ပြီးသား

ဖြစ်သွားခဲ့သည် ။

"သိတယ်နော်၊ ဒါ...ရုပ်ရှင်ရိုက်နေတာ မဟုတ်ဘူး "

အလယ်လူက စူးစူးရဲရဲကြည့်၍ စပြောသည် ။

သူက မှောင်လဲ့နေသော ရွှေအိုရောင်မျက်မှန်တပ်ထားသည့် မိန်းကလေးထံ တစ်ချက်ကြည့်ပြီးမှ ထိုသူကို စိုက်ကြည့်၍ ...

"ရုပ်ရှင်ရိုက်တာ မဟုတ်ဘူး ဆိုတော့လည်း ဒါရိုက်တာ ညွှန်ကြားတဲ့ အတိုင်း သရုပ်ဆောင်ဖို့ မလိုတော့ဘူးပေ့ါကွာ"

"ဒီလိုလား"

သုံးလုံးတည်းသောစကားကို ဆုံးအောင်မပြောရသေးမီ အလစ်ငိုက်ထိုးချလိုက်သည့် လက်သီးက ရိပ်ခနဲ ဝင်လာသည် ။

ဘယ်တော့မှ အလစ်ငိုက်ခံလိုက်ရသည် မရှိခဲ့ဘူးသော သူ့မျက်နှာက လက်သီးချက်ကို လွတ်ရုံကလေး ငဲ့ရှောင်ပေးလိုက်၏။

မျက်နှာရှေ့မှ ဖြတ်ပြေးသွားသည့် လက်သီးကို ဖတ်ခနဲ ဖမ်းဆုပ်ကာ ထိုသူ၏ ဝမ်းဗိုက်ကို ဒူးနဲ့ ဆောင့်တိုက်ပစ်လိုက်သည် ။

"အွန့်"

နောက်ကပြေးကန်သူကို လှည့်မကြည့်ဘဲ ခြေတစ်လှမ်း ဆုတ်ရှောင်ပေးလိုက်လျှင် ကန်ချက်က သူ့လူကို သူပြန်ထိကာ ဆက်တိုက်နာသွားသူမှာ လမ်းမထက်မှာ ကွေးကောက်လူးလိမ့်သွား၏။

ကန်မိသူမှာ လည်း မျက်လုံးပြူးသွားသည် ။

"တော်ပြီ...လာ"

တစ်ချက်မှ မလှုပ်ရှားသေးဘဲ ရပ်ကြည့်နေသူက ဘေးဘီကို ကြည့်

၍ ဆုတ်ခွာဖို့ သတိပေးသည် ။

နှစ်ယောက်သည် သူ့ကို မကျေမနပ် စူးရဲစွာကြည့်ကြသော်လည်း နောက်ထပ်တက်လာရဲခြင်း မရှိတော့ဘဲ အရှိန်သတ်သွားသည် ။

သုံးယောက်လုံး မရှုနိုင်မကယ်နိုင်မျက်နှာများ နှင့် ထွက်သွားကြပုံက အမှတ်တမဲ့ကြည့်လျှင် မိတ်ဆွေချင်း ပြောဆိုနှုတ်ဆက်ပြီး ကျောခိုင်းသွားကြသည် နှင့် တူနေကာ ရေးမဆွလေးကပင် တိုက်ခိုက်သတ်ပုတ်ခဲ့သည့်အဖြစ်က ယုံနိုင်စရာ မရှိ။

လက်ဖဝါးနှစ်ဖက်ကို ခပ်သာသာပွတ်ပစ်လိုက်ပြီး ဒီဘက်ပြန်လှည့်ခဲ့သည် ။

"ကားပျက်နေတာလား"

ပျက်နေတာမှန်းသိပေမယ့် မေးဖို့ လိုအပ်တာမို့ မေးလိုက်တာဖြစ်သည် ။

ထိုအခါ သူမကခေါင်းညိတ်မည်။ ပြင်ပေးပါ ကြည့်ပေးပါ ဘာညာဆိုမှ သူ ကြည့်ပေးဖို့ ရှိသည် ။

သို့သော်...

"ကားကတော့ ပျက်နေတာအမှန်ပဲ၊ လူကို လိမ်ညာပြီး တမင်တကာ ရပ်ပစ်လိုက်မှာ မဟုတ်ဘူး လေ"

"ဘာလဲ"

သူ မျက်ခုံးတစ်ချက်တွန့်သွားကာ လှမ်းလက်စခြေလှမ်းက တုံ့ခနဲရပ်၏။

မျက်လုံးချင်းပစ်တိုက်သွားကြစဉ် ဂရုမစိုက်သောမဲ့ပြုံးနှင့် သူမက မျ

က်မှန်ကို ခပ်ဖြည်းဖြည်းဆွဲဖြုတ်လိုက်၏။

ထူးခြားစွာပြာလဲနေသော မျက်ဝန်း။

ရှည်လျားသော နက်သည့်မျက်တောင်များ နှင့် မျက်ဝန်းတို့ က လက်တောက်နေသည် ။

ထိုအလှတရားများ ဟာ ခေတ်မီစွာ ပြုပြင်ခြယ်သထားသည် လား။ သဘာဝအတိုင်း လှနေတာလား သူမသိ။

သို့ပေမယ့် လေးထောင့်ဆန်ချင်သည့် မျက်နှာကျပေါ်မှာ မျက်ဝန်းနှာတံ နှုတ်ခမ်းမည်သော အစိတ်အပိုင်းအားလုံးက အချိုးကျစံနစ်မှန်နေသည် ။

ထိုမျက်နှာကလေးကို ခံစားကြည့်ရှုမိခြင်းမဟုတ်။

သူမပြောသောစကားတို့ ကို လက်ခံသိမ်းဆည်းလိုက်မိသည့် အသွေးအသားက ဖျင်းခနဲရုန်းကြွလာတာမျိုး။

မာနကြောင့် နှုတ်ခမ်းက တင်းတင်းစေ့ပြီးသားဖြစ်သွားသည် ။

ထိုမျက်ဝန်း ထိုနှုတ်ခမ်းတို့ သည် သူ ဘယ်လိုမှ ထင်မှတ်မထားခဲ့သော စကားလုံးတို့ ဖြင့် ပထမဆုံး အသံတိတ်တိုက်ခိုက်ခဲ့ပြီး...

သူမ ဆက်ပြောလာနိုင်သည့် စကားတို့ ကိုလည်း ခန့်မှန်းလိုက်ပြီ ဖြစ်၏။

သူမက စူးစိုက်ကြည့်နေသော သူ့မျက်ဝန်းတွေကို အပြုံးလက်စနဲ့ တုံ့ပြန်၍ ...

"တကယ်ဆို ရှင် ဒီထက် ခပ်နာနာလေးဖိုက်ပေးလိုက်ရင် ပိုပြီး သဘာဝကျမှာ ၊ သရုပ်ဆောင်မယ်ဆို ပီပြင်ဖို့ တော့ လိုတာပေါ့"

"သြော်…ဒါကြောင့် မင်းက မျက်မှန်တပ်ထားတာကိုး"

သူမကလည်း သူပြောလိုက်တာကို တွေဝေစဉ်းစားနေတာမျိုးမရှိ။

"မျက်မှန်တပ်ထားတာ မမြင်လို့မဟုတ်ဘူး ၊ မြင်တတ်လွန်းလို့ အလင်းပြန်လျှော့ထားတဲ့ သဘော၊ ဒါမျိုးတွေက ရိုးနေပါပြီ၊ နောက်တစ်ခါဆို ရှင် တခြားနည်းလမ်းသုံးဖို့ စဉ်းစားပေါ့"

သူ့မဲ့ပြုံးကြောင့် အောက်မေးတစ်ချက်လှုပ်ခတ်သွား၏။

မိန်းမတစ်ယောက်၏ စော်ကားမှုကို နှုတ်လှန်ထိုးဖို့ မသင့်တာကိုသိသည် ။

ထို့ကြောင့် ဒေါသကို မဲ့ပြုံးဖြင့် အရည်ဖျော်ရသည် ။

သူမရှေ့ထိ ခြေတစ်လှမ်းထပ်တိုးလိုက်ပြီး…

"မင်းလိုမိန်းမမျိုးနဲ့ ထပ်မဆုံမိဖို့ ဘဲ စဉ်းစားရမှာ "

ချာခနဲပြန်လှည့်စဉ်မှာ အံတစ်ချက်ဖိကြိတ်မိရင်း ထိုမိန်းမပျို၏ မဲ့ပြုံးနှင့် စကားလုံးတို့ သည် အကြားအမြင် အသွေးအသားအားလုံးထဲသို့ လျှပ်စီးကြမ်းများ လို စီးဝင်သွားခဲ့၏။

နီရဲသောနှလုံးသွေးတို့ က အနီရောင်မှ စိမ်းညစ်သောအရောင်သို့ ချက်ချင်းပြောင်းလဲသွားခဲ့၏။

သူမကို သူ ဘယ်တော့မှ မမေ့။

***

# အခန်း (၂)

"ဒါဆို ဒီလိုလုပ်ကွာ၊ မမေ့နိုင်သောဖြစ်ရပ်တစ်ခုလို့ ခေါင်းစဉ်တပ်ပြီး စာစီစာကုံးတစ်ပုဒ်ရေးလိုက်"

"မင်းသူငယ်ပြန်မှ မူကြိုတက်ဖို့ ရေးပေးမယ်"

သူ ဖျတ်ခနဲထရပ်လိုက်တော့ ထွန်းထွန်းက လက်ကို မကျေမနပ် ဆောင့်ဆွဲလိုက်၏။

"ငါ့အတွက် မဟုတ်ဘူး ၊ မင်းနေ့နေ့ညညမေ့မရတာတွေ ပေ့ါပါးသွားအောင်လို့ "

"ထွန်းထွန်း မင်းပါးစပ်ပိတ်နော်၊ ငါ့ဒေါသက မိန်းမတွေကိုပဲ ရှောင်တာ"

သူ့မျက်နှာ နီရဲတက်လာတာကို မြင်ကာ ထွန်းထွန်းပါးစပ်ပိတ်သွားသည် ။

သို့သော် မျက်နှာက နီနေဆဲ။

ဆက်မပြောဖို့ သောင်းဦးက လက်တို့ သည် ။

ထွက်သွားဖို့ ခြေလှမ်းပြင်နေသည့်စီးနဲ့ အတူ လိုက်ရပ်၍

"မင်းကလည်း ရင်ထဲမှာ ဒီလောက်အုံဖွဲ့မနေစမ်းပါနဲ့ ထုတ်ပစ်လိုက်တော့"

"မရလို့ ပေါ့ကွ၊ အရေပြားမှာ ဆူးစူးနေတာ မဟုတ်ဘူး ၊ နှလုံးသားထဲမှာ အဆိပ်သင့်သွားတာ၊ သူ့အပြုံး သူ့မျက်လုံးအောက်မှာ ငါက ဘာကောင်မှန်းမသိဖြစ်ခဲ့ရတာ၊ 'အထက်စီး'ဆိုတဲ့ ကောင် ဒီနေ့အထိ ဘယ်ဘဝရောက်သွားမှန်းကို မသိတော့ဘူး"

"အရင်အတိုင်းပါပဲ"

စီးမျက်လုံးက ထွန်းထွန်းထံ စူးခနဲပြေးဝင်သွားသည် ။

ထွန်းထွန်းက ဟဲခနဲရယ်ကာ....

"ဟုတ်တယ်လေ၊ မင်းတစ်ယောကတည်း ခံစားနေတာ ဘယ်သူမှ မသိတဲ့ ကိစ္စ၊ ငါတို့ အမြင် ငါတို့ သူငယ်ချင်းကတော့ ဒီအတိုင်းပဲ၊ သောင်းဦးပြောသလို ထုတ်ပစ်လိုက်စမ်းပါကွာ၊ ခုလောက်ဆို ပြောတဲ့ လူက ပြောချင်ရာပြောပြီး နေ့ပေါင်းညပေါင်းများ စွာမှာ အိပ်ကောင်းစားကောင်းနဲ့ ဝလို့ လှလို့ နေမှာ "

"ထွန်းထွန်း"

"ဟင်"

"မင်း ပါးစပ်ပိတ်မလား၊ ငါပိတ်ပေးရမလား"

"ရတယ်...ငါ့ဟာငါပိတ်ပြီ"

ထွန်းထွန်း တကယ်ပဲ ပါးစပ်ပိတ်သွားပြီ။

အထက်စီးဆိုသည့်ကောင်က ပြောလို့ မရ။

စကားနဲ့ ဖြစ်ဖြစ် လူနဲ့ ဖြစ်ဖြစ် နည်းနည်းလေးမှ စီးကြောမခံတဲ့ သူ

သုံးယောက်ဟာ တက္ကသိုလ်မှာ ကတည်းက တွဲလာခဲ့ကြတာဖြစ်ပြီး သူက စိတ်အဆတ်ဆုံးဖြစ်သည် ။

ဒါပေမဲ့ စီးက စကားစစ်ထိုးတတ်သူမဟုတ်ဘဲ မျိုသိပ်တတ်သည် ။

တုံ့ပြန်ထိုက်သူကို လက်ပါဖို့ လည်း ဝန်မလေး။

နေရာတကာ သတ်ပုတ်တိုက်ခိုက်နေချင်တာမျိုး မဟုတ်သော်လည်း အံကြိတ်ဖျောက်ပစ်လို့ မရလျှင် နေရာမရွေး လူမရွေး။

သူရှောင်တာ မိန်းမသားကိုပဲဖြစ်သည် ။

"မိန်းကလေးတွေပါးစပ်ကို ဘယ်တော့မှ နိုင်အောင်မတိုက်နိုင်ဘူး"

ဟု ပြောခဲ့ဖူး၏။

ချောချောလှလှလေးမြင်လျှင် လိုက်ကြည့် လိုက်ငေးတတ်တာရှိသည် ။ ဘယ်တော့မှ စိတ်ဝင်တစားမရှိ။

"မလှဘူးလား၊ မင်းကြိုးစားကြည့်ပါလား စီး"ဟု တိုးတိုးကြိတ်ကြိတ် တိုက်တွန်းကြည့်။

အမြဲတမ်း ခေါင်းခါတတ်ခဲ့၏။

"ငါ့ရဲ့ လိုချင်တပ်မက်လာတဲ့ ဆန္ဒတွေထဲမှာ မိန်းမတစ်ယောက်ကို ချစ်ဖို့ ဆိုပြီး ခေါင်းစဉ်ပါလာရင် ဖျက်ချလိုက်မှာ ပဲ၊ အချစ်နဲ့ ပတ်သက်တဲ့ ဒိုင်ယာရီဟောင်းတွေကို ငါမကြိုက်ဘူး"

စီးက ထိုသို့ဖြစ်သည် ။

သူတို့ သုံးယောက်ထဲမှာ စီးကချောသည် ။ လမ်းလျှောက်ပုံ စကားပြောပုံကအစ စတိုင်လ်တစ်မျိုးနှင့် ကြည့်ကောင်းတဲ့ သူ။

ဒါပေမဲ့ သူတစ်ယောက်မှာ ပဲ ချစ်သူမရှိတာဖြစ်နေပြန်သည် ။

ချစ်မယ့်သူမရှိလို့ မဟုတ်။

သူ့ကိုက စိတ်ဝင်တစားမရှိခဲ့တာ။

တချို့ သူငယ်ချင်းအုပ်စုတွေမှာ ချစ်သူရှိရှိ မရှိရှိ တစ်ယောက်ကိစ္စ တစ်ယောက်က ကူညီကြသည် ။

ကိုယ်တိုင်ချစ်သူမရှိပေမယ့် ဒါမျိုး ကူညီဖို့ ဆို ဝါသနာကြီးတတ်ကြသည် ။

စီးကျတော့ ရှေ့ကလည်း မသွား နောက်ကလည်း မလိုက်။

"ကောင်မလေးနဲ့ ချိန်းထားလို့ ပါကွာ၊ ခဏလိုက်ခဲ့စမ်းပါ"ဟု ခေါ်ကြည့်၊

"မလိုက်ချင်ပါဘူး၊ ဇီးသီးလည်း မစားဘူး၊ ဇီးပင်အောက်လည်း မရပ်ချင်ဘူး"

ဘယ်လိုပဲခေါ်ခေါ် အားနာပါးပါ ထလိုက်လာတယ်ဆိုတာ တစ်ခါမှ မရှိခဲ့။

"ဒီနေ့ ငါ့ကောင်မလေးက အဖြေပေးမှာ ကွ၊ မင်းလိုက်ကြည့် ပြီးရင် မင်းကြိုက်တဲ့ ဆိုင်မှာ ငါတစ်ဝိုင်းစာခံမယ်"

"မျိုးမကျပါဘူးကွာ၊ ဒူးထောက်ခယလာရတဲ့ ချွေးနဲ့စာလေးကို"

မချိုမချဉ်မဲ့ပြုံးနှင့် လှောင်ပြောင်တတ်သေးသည် ။

ထိုလူမျိုးကျမှ ခံလိုက်ရတော့ အဖြစ်တို့ က ကျန်ခဲ့တာ တစ်လကျော် နေပြီ။ စီး မျက်မှောင်ကုတ်မပြေ။

တစ်ခါတစ်ခါ စိတ်လိုလက်ရဖွင့်ပြောလာတိုင်း ဒီမိန်းမအကြောင်းပဲ ဖြစ်၏။ ပြောတိုင်း အံကြိတ်နေသည် ။

"တော်တော်မုန်းစရာကောင်းတဲ့ နှုတ်ခမ်းတွေ"

ဟု ခပ်တိုးတိုးကြိတ်ပြောတတ်တာလည်း ရှိ၏။

ကြာတော့လည်း စီး မကျေနပ်ခဲ့သည့် ထိုမိန်းမဟာ သုံးယောက်လုံး၏ ရင်ထဲထိ ရောက်လာခဲ့ရသည် ။

ဖြစ်ရလေ။ စီးနဲ့ ကျမှ တွေ့ရတယ်လို့ ။

သူပြောနေသလိုပဲ 'ငါကိုက မနေတတ်တာ'ဆိုသည့်အတိုင်း 'မင်းကိုက မနေတတ်တာ'ဟု ပဲ ပြောရတော့မည်။

***